# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၈) ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၄ ရက်


## မာတိကာစဉ်


၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ ၂-၃

၂။ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားခြင်းမှပြန်လည်ရုပ်သိမ်းခြင်းကိုပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်း အမိန့်ကြော်ငြာစာနှင့် စပ်လျဉ်းသည့် သတင်းစဉ်။ ၄-၅

၃။ စင်ကာပူနှင့် EU တို့အကြား ချုပ်ဆိုခဲ့သည့် ဒီဂျစ်တယ်ကုန်သွယ်မှု သဘောတူစာချုပ်နှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း။ ၆-၇

၄။ အင်ဒိုနီးရှားနိုင်ငံရှိ Franchises ဆိုင်ရာ မူဘောင်ပြောင်းလဲမှုများ။ ၈-၉

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၈) ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၄ ရက်

# မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှထုတ်ပြန်သည့်အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာနှင့် စီးပွားရေးရာကော်မတီပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေအား ၂၆-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၆/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ရာ ဥပဒေပုဒ်မ ၆(ဃ)နှင့် ဥပဒေပုဒ်မ ၅၃ တို့ကို အစားထိုး ပြင်ဆင်ထားကြောင်း တွေ့ရှိပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆(ဃ) ကို "အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်ရေးကိုခြိမ်းခြောက်သည့် ဇီဝ၊ ဓါတုနှင့်နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများပါဝင်သည့်အဖျက်စွမ်းအားကြီးမားသောလက်နက်များအား တားဆီးကာကွယ်ရေး၊ ဖယ်ရှားရေးနှင့် ဖျက်ဆီးရေးတို့အတွက်လည်းကောင်း၊ လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့် သက်ဆိုင်သည့်ဘဏ္ဍာရေးအရ အရေးယူဆောင်ရွက်ရေးဆိုင်ရာကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့အတွက်လည်းကောင်းအစီအမံများချမှတ်ခြင်း"ဟူ၍အစားထိုးပြင်ဆင်ခဲ့သည်ကို တွေ့ရှိရပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၃ ကို "မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဆောင်ရွက်ရန် တာဝန်တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း ထိုသူကို နှစ်နှစ်ထက်မပိုသော

ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက ပြစ်မှုကျူးလွန်ခြင်းဖြစ်လျှင် ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အနည်းဆုံး ကျပ်သိန်းနှစ်ရာမှ အများဆုံး ကျပ်သိန်းသုံးထောင်အထိ ငွေဒဏ် ချမှတ်ရမည်" ဟု အစားထိုးပြင်ဆင်ခဲ့သည်ကို သိရှိရပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၃၈) ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၄ ရက်

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်းကို ပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်း အမိန့်ကြော်ငြာစာနှင့် စပ်လျဉ်းသည့် သတင်းစဉ်

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခြင်းအမိန့်ကြော်ငြာစာကို ၂-၉-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၂/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာတွင် United League of Arakan(ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့အား အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၂၃-၃-၂၀၂၀ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ်၊ ၁/၂၀၂၀ ဖြင့် အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခဲ့ပါသည်။ သို့ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့်ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့နှင့်အညီ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးတည်ထောင်နိုင်ရန် အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့၏ ၁၁-၃-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၁ ဖြင့် ယင်းအဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားခြင်း ပြန်လည်ရုပ်သိမ်းပေးခဲ့ပါသည်။

ယခုအခါ အဆိုပါ United League of Arakan(ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုဖြစ်သည့် အများပြည်သူ၏လုံခြုံရေးကို ဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသောအခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန်ပြုလုပ်မှုများဖြစ်သည့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လျှပ်စစ်တာဝါတိုင်များကိုဖောက်ခွဲဖျက်ဆီးခြင်း၊ လူနေထူထပ်သည့်မြို့ရွာများကို အဝေးမှနေ၍ လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့်

အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတော်အတွင်း အခြေပြု၍ နိုင်ငံတော်ကိုအကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိသဖြင့် United League of Arakan(ULA)/ Arakan Army (AA)လက်နက်ကိုင်အဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည် ရုပ်သိမ်းခြင်းကိုပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာလိုက်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

## စင်ကာပူနှင့် EU တို့အကြားချုပ်ဆိုခဲ့သည့် ဒီဂျစ်တယ်ကုန်သွယ်မှုသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း

စင်ကာပူနှင့်ဥရောပသမဂ္ဂ(EU)တို့သည် EU-SINGAPORE DIGITAL TRADE AGREEMENT (EUSDTA)ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် လက်မှတ်ရေးထိုးခဲ့ပြီး သဘောတူညီချက်မူဘောင် တစ်ခု၏ပထမဆုံးခြေလှမ်းအဖြစ် စတင်ခဲ့ပါသည်။ EUSDTA သည် စင်ကာပူ၏ ဒစ်ဂျစ်တယ် ကုန်သွယ်မှုဇဟိုအဖြစ်ရပ်တည်ချက်ကို ပိုမိုခိုင်မာစေသည့်အပြင် ဒေသနှစ်ခုကြား ကောင်းမွန်သော နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ ထို့ပြင် ဒစ်ဂျစ်တယ်စီးပွားရေး ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာတစ်ဝှမ်းရှိ စီးပွားရေးလုပ်ငန်းများ၏ဖိအားပိုများလာမှုကို လိုက်လျော ညီထွေမှုရှိစေရန် အထူးအချိန်ကိုက်လည်းဖြစ်ပါသည်။ အဆိုပါသဘောတူညီချက်သည် စင်ကာပူ အနေဖြင့် လက်မှတ်ရေးထိုးခဲ့သည့် ပဉ္စမမြောက်သဘောတူညီချက်လည်း ဖြစ်ပါသည်။

ဒစ်ဂျစ်တယ်စီးပွားရေးသဘောတူညီချက် (DEA) အရ စာချုပ်များသည် နှစ်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံထက်ပိုသောနိုင်ငံများကြား ဒစ်ဂျစ်တယ်စီးပွားရေးတွင် ပူးပေါင်းဆောင်ရွက်မှုများ လွယ်ကူ ချောမွေ့စေရန်နှင့် ဒစ်ဂျစ်တယ်ကုန်သွယ်မှုအတွက် စည်းမျဉ်းများချမှတ်ကာ သတ်မှတ် ဆောင်ရွက် ထားပါသည်။ DEAs သို့ဝင်ရောက်သည့် အဓိကအဖွဲ့ဝင်ဖြစ်သည့် စင်ကာပူနိုင်ငံသည် နိုင်ငံတကာ မူဘောင်များကို ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး အထူးသဖြင့် စီးပွားရေးလုပ်ငန်းများဖြစ်သည့် SMEs များ၊ ဒစ်ဂျစ်တယ်ကုန်သွယ်မှုနှင့် e-commerce တွင် ပါဝင်ဆောင်ရွက်ရာတွင် စံချိန်စံညွှန်း များနှင့်စနစ်များ အပြန်အလှန် လုပ်ဆောင်နိုင်မှုကို မြှင့်တင်ပေးရန်အတွက် ပံ့ပိုးကူညီဆောင်ရွက် ပေးပါသည်။

EUSDTA မှတစ်ဆင့်စင်ကာပူနှင့် EU တို့သည် နိုင်ငံတကာအသိအမှတ်ပြု အီလက်ထရောနစ် ငွေပေးချေမှုစနစ်များကို လက်ခံကျင့်သုံးမည်ဖြစ်သည်။ ထို့ပြင် ငွေပေးချေမှုဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ ဒစ်ဂျစ်တယ်ကုန်သွယ်မှု၏ထိရောက်မှု၊ ပွင့်လင်းမြင်သာမှုနှင့်တိကျမှုတို့ကို တွန်းအားပေး ရန်၊ အီလက်ထရောနစ်ငွေတောင်းခံခြင်းဆိုင်ရာမဟာဗျူဟာများကို အကောင်အထည်ဖော်ရန် နှင့်

ဖွံ့ဖြိုးတိုးတက်စေသည့်အစီအမံများကို ဆောင်ရွက်ရန် ပံ့ပိုးကူညီမည်ဖြစ်ပြီး စင်ကာပူနှင့် EU တို့သည် အီလက်ထရောနစ်ဆောင်ရွက်မှုများအတွက် အကောက်ခွန်စည်းကြပ်ကောက်ခံမည်မဟုတ်ပါကြောင်း သတ်မှတ်ထားပါသည်။

စင်ကာပူနှင့်EU တို့သည် မလိုအပ်သောကုန်သွယ်မှုအတားအဆီးများကိုဖယ်ရှားနိုင်ရန် နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့်ဒေတာများကို ချောမွေ့စွာ လွှဲပြောင်းနိုင်စေရန်၊ တစ်ဦးချင်းနှင့် စီးပွားရေးလုပ်ငန်းများ၏ဥပဒေဆိုင်ရာ ကိုယ်ရေးကိုယ်တာအချက်အလက်များကို အကာအကွယ်ပေးရန် အစီအမံများဆောင်ရွက်သွားမည်ဖြစ်သည်။

စင်ကာပူနှင့် EU တို့သည် ၎င်းတို့၏ လုပ်သားအင်အားကို အားကောင်းစေပြီး ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်မှုများကို ဖော်ထုတ်ရန်နှင့် လျော့ပါးစေရန် အတူတကွ လုပ်ဆောင်သွားမည်ဖြစ်သည်။အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးတွင် စားသုံးသူများကိုအန္တရာယ်ဖြစ်စေနိုင်သည့် လိမ်လည်လှည့်ဖြားမှု သို့မဟုတ် လှည့်ဖြားသော စီးပွားရေးလုပ်ငန်းများကို တားဆီးကာကွယ်ရန် အစီအမံများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ ဒစ်ဂျစ်တယ်ကိရိယာများနှင့် နည်းပညာများကို အသုံးချပြီး SMEs များ၏ ဒစ်ဂျစ်တယ်ကုန်သွယ်မှု အခွင့်အလမ်းများတွင် တိုးမြှင့်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.aseanbriefing.com/news/singapore-and-eu-conclude-digital-trade-agreement/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၈) ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၄ ရက်

## အင်ဒိုနီးရှားနိုင်ငံရှိ Franchises ဆိုင်ရာ မူဘောင်ပြောင်းလဲမှုများ

အင်ဒိုနီးရှားနိုင်ငံတွင် တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်း (franchisee)ကို အခြားကုမ္ပဏီ တစ်ခု၏အမှတ်တံဆိပ်အမည်၊ ကုန်သွယ်မှုအမှတ်တံဆိပ်များနှင့် လုပ်ငန်းစနစ်များကို အသုံးပြု၍ လုပ်ငန်းတစ်ခုလည်ပတ်ရန် ခွင့်ပြုပေးခြင်း(Franchising)သည် လူသိများသော စီးပွားရေးလုပ်ငန်း ပုံစံဖြစ်ပါသည်။ သို့ဖြစ်ရာ အင်ဒိုနီးရှားနိုင်ငံအစိုးရသည် အင်ဒိုနီးရှားနိုင်ငံရှိသီးခြားစီးပွားရေးလုပ်ငန်း များကို လုပ်ပိုင်ခွင့်ရရှိသူများ(franchises)အတွက် စည်းမျဉ်းစည်းကမ်းမူဘောင်များကို အဆင့်မြင့်တင်မှု၊ ပြောင်းလဲမှုများပြုလုပ်ခဲ့ပြီး franchises စည်းမျဉ်းအမှတ် ၃၅/၂၀၂၄ ကို အတည်ပြုပြဌာန်းခဲ့ပါသည်။ အဆိုပါစည်းမျဉ်းအသစ်သည် ယခင်စည်းမျဉ်းအမှတ် ၄၂/၂၀၀၇ ကိုအစားထိုးခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် စတင်အာဏာသက်ဝင်ခဲ့ကြောင်း သိရှိရပါသည်။

Franchises များအတွက် စည်းမျဉ်းအမှတ် ၃၅/၂၀၂၄ သည် အင်ဒိုနီးရှားနိုင်ငံရှိ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော franchise စီးပွားရေးလုပ်ငန်းများ၏ဥပဒေအရ လိုအပ်ချက်များ မြှင့်တင်ပေးရန် အလို့ငှာ စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်ပြီး အထူးသဖြင့် franchisors များအပြင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် တရားမျှတမှုနှင့် တရားဝင်သေချာမှုရရှိစေရေးအတွက် စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်ပါသည်။ ဤစည်းမျဉ်းကိုထုတ်ပြန်ခြင်းဖြင့် အစိုးရသည် စီးပွားရေးဆိုင်ရာ အစုစပ်လုပ်ငန်းများတွင် တရားမျှတမှုနှင့်ဥပဒေဆိုင်ရာ ရှင်းလင်းပြတ်သားမှုနှစ်ခုစလုံးကို သေချာမှု ရှိစေခြင်းဖြင့် ပိုမိုမျှတသော စီးပွားရေးဝန်းကျင်ကိုဖော်ဆောင်ရန် ရည်မှန်းထားကြောင်း တွေ့ရှိရပါသည်။

အသစ်ပြုပြင်ပြောင်းလဲထားသော Franchises များအတွက် စည်းမျဉ်းအမှတ် ၃၅/၂၀၂၄ အရ franchise တစ်ခုအဖြစ်သတ်မှတ်ရန် အောက်ပါစံနှုန်းများနှင့်ကိုက်ညီမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့မှာ-

(က) လုပ်ငန်းတစ်ခုသည် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းတည်နေရာဒီဇိုင်းနှင့် ဈေးကွက်ရှာဖွေရေးဗျူဟာများ ပါဝင်သည့်ပြီးပြည့်စုံသော စီးပွားရေးစနစ်တစ်ခုရှိရမည်ဖြစ်ပါသည်၊

(ခ) အမြတ်အစွန်းရနိုင်ခြေကို သက်သေပြနိုင်ရန်အလို့ငှာ franchise လုပ်ငန်းသည် အနည်းဆုံးတစ်ဆက်တည်း သုံးနှစ်လုပ်ငန်းလည်ပတ်မှုရှိရမည်ဖြစ်ပြီး ယင်းသို့လုပ်ငန်းလည်ပတ်ထားကြောင်းကို လွန်ခဲ့သည့် ၂ နှစ်အတွင်း စာရင်းစစ်ဆေးထားသောငွေစာရင်းရှင်းတမ်းများဖြင့် သက်သေပြရမည်ဖြစ်ပါသည်။ သို့ရာတွင် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် ငွေစာရင်းရှင်းတမ်းများတင်ပြရန် လိုအပ်ခြင်းမှ ကင်းလွတ်ခွင့်ရှိမည်ဖြစ်ပါသည်၊

(ဂ) Franchise လုပ်ငန်းတစ်ခုသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်၊ စက်မှုဒီဇိုင်းများအပါအဝင် လုပ်ငန်းနှင့်တိုက်ရိုက်သက်ဆိုင်သည့်မူပိုင်ခွင့်များ မှတ်ပုံတင်ထားရှိရမည်၊

(ဃ) Franchise လုပ်ငန်းတစ်ခုသည် လုပ်ငန်းလုပ်ပိုင်ခွင့်ပြုသူများထံမှ သင်တန်းပေးခြင်း၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စီမံခန့်ခွဲမှု၊ သုတေသနများ ၊ ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားစီးပွားရေးဆိုင်ရာအကူအညီများ စဉ်ဆက်မပြတ် ပံ့ပိုးကူညီမှုများရရှိရမည်။

အင်ဒိုနီးရှားနိုင်ငံတွင် Franchise ပြုလုပ်သည့်စီးပွားရေးလုပ်ငန်းအများစုမှာ အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်းများဖြစ်ပြီး ကုန်အမှတ်တံဆိပ်အများစုသည် အမေရိကန်၊ ကိုရီးယား၊ ဂျပန်နှင့် အရှေ့တောင်အာရှနိုင်ငံများ၏အမှတ်တံဆိပ်များဖြစ်ကြကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်: https://www.aseanbriefing.com/news/key-updates-in-indonesias-franchise-laws/

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၈) ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၄ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

